

# ပါဠိအခြေခံသင်ခန်းစာ

## တတိယနေ့

## နာမ်ဝိဘတ် (Preposition)

paligrammar.yam@gmail.com

# ပါဠိအက္ခရာများ
# (ALPHABET)

အက္ခရာ ၄၁ လုံး

- ဗျည်း ၃၃ လုံး
- သရ ၈ လုံး

- ဗျည်း -၃၃ = က, ခ, ဂ, ဃ, င,.......
- သရ -၈ = အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ

# မြန်မာသရ (၁၁ လုံး)

သရ

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို။

ဗျည်းယှဉ်သရ (က ဗျည်းဖြင့် ပေါင်းလျက်)

က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော၊ ကော်၊ ကို။

ခ၊ ခါ၊ ခိ၊ ခီ၊ ခု၊ ခူ၊ ခေ၊ ခဲ၊ ခေါ၊ ခေါ်၊ ခို။

# ပါဠိသရ (၈ လုံး)

| ဗျည်း | သရ | | သရ + ဗျည်း |
|---|---|---|---|
| က | အ | - | က |
| | အာ | -◌ာ | ကာ |
| | ဣ | -◌ိ | ကိ |
| | ဤ | -◌ီ | ကီ |
| | ဥ | -◌ု | ကု |
| | ဦ | -◌ူ | ကူ |
| | ဧ | ေ◌- | ကေ |
| | ဩ | ေ◌-◌ာ | ကော |

Slide

# စကားလုံး - ပုဒ် (Word)

| ဗျည်း | သရ | | သရ + ဗျည်း |
|---|---|---|---|
| ပုဒ္ဒ | အ | - | ပုဒ္ဒ |
| | အာ | -ာ | ပုဒ္ဒါ |
| | ဣ | -ိ | ပုဒ္ဒိ |
| | ဤ | -ီ | ပုဒ္ဒီ |
| | ဥ | -ု | ပုဒ္ဒု |
| | ဦ | -ူ | ပုဒ္ဒူ |
| | ဧ | ေ- | ပုဒ္ဒေ |
| | ဩ | ေ-ာ | ပုဒ္ဒေါ |



# နာမ်ပုဒ်နှင့် နာမ်ဝိဘတ်

# (Preposition)

ဝိဘတ် = သည်, ကို, သို့, ဖြင့်, အား, မှ, ၏, ၌, ကြောင့်, စွာ.....

၁။ ဒါယကာသည် ရွာမှ ခြေထောက်ဖြင့် ကျောင်းသို့ လာ၍

စံကျောင်း၌ တရားကို နာ၏။

ဒါယကာသည် = ဒါယကာ + သည်

နာမ်ပုဒ် ဝိဘတ်



ဒါယကော = ဒါယက + ေ◌-◌ာ

နာမ် ဝိဘတ်

ရွာမှ = ရွာ + မှ

ဂါမာ = ဂါမ + ◌ာ

ခြေထောက်ဖြင့် = ခြေထောက် + ဖြင့်

ပါဒေန = ပါဒ + ေ◌◌န

# လိင် ၃-လိင်

ကေဝုစ် | ဗဟုဝုစ်

**ပုရိသာဒိဂိုဏ်း (ပုလိင်)**

ပုရိသော — ပုရိသာ

ကိံနာမော — ကိံနာမာ

**စိတ္တာဒိဂိုဏ်း (နပုလိင်)**

စိတ္တံ — စိတ္တာ၊ စိတ္တာနိ

ကိံနာမံ — ကိံနာမာ၊ ကိံနာမာနိ

**ကညာဒိဂိုဏ်း (ဣတ္ထိလိင်)**

ကညာ — ကညာ၊ ကညာယော

ကိံနာမာ — ကိံနာမာ၊ ကိံနာမာယော

# ပုရိသ = ယောကျ်ား

| ၁။ ပုလ္လိင် (ပုရိသာဒိဂိုဏ်း) ပုရိသ = ယောကျ်ား | | | | | |
|---|---|---|---|---|---|
| ဝိဘတ်အမည် | အနက် | ဝိဘတ်သင်္ကေတ | ဧကဝုစ် (အနဲကိန်း) | ဝိဘတ်သင်္ကေတ | ဗဟုဝုစ် (အများကိန်း) |
| ပထမာ | သည် | ေ◌-◌ာ | ပုရိသော | -◌ာ | ပုရိသာ |
| အာလုပ် | အို | | ဘော ပုရိသ, ပုရိသာ | | ဘောန္တော ပုရိသာ |
| ဒုတိယာ | ကို | အံ (-◌ံ) | ပုရိသံ | ေ◌- | ပုရိသေ |
| တတိယာ | ဖြင့် | ေ◌-န | ပုရိသေန | ဟိ, ဘိ (ေ◌-ဟိ, ေ◌-ဘိ) | ပုရိသေဟိ, ပုရိသေဘိ |
| စတုတ္ထီ | အား | ◌ဿ | ပုရိသဿ | နံ (-◌ာနံ) | ပုရိသာနံ |
| ပဉ္စမီ | မှ | သ္မာ, မှာ, -◌ာ | ပုရိသသ္မာ, ပုရိသမှာ, ပုရိသာ | ဟိ, ဘိ (ေ◌-ဟိ, ေ◌-ဘိ) | ပုရိသေဟိ, ပုရိသေဘိ |
| ဆဋ္ဌီ | ၏ | ◌ဿ | ပုရိသဿ | နံ (-◌ာနံ) | ပုရိသာနံ |
| သတ္တမီ | ၌ | သ္မိံ,မှိ, ေ◌- | ပုရိသသ္မိံ, ပုရိသမှိ, ပုရိသေ | သု | ပုရိသေသု |

| ပုလ္လိင် (ပုရိသာဒိဂိုဏ်း) | | | | | |
|---|---|---|---|---|---|
| စဉ် | ဝိဘတ်အမည် | ဝိဘတ်သင်္ကေတ | အနက် | ဝိဘတ်သင်္ကေတ | အနက် |
| ၁။ | ပထမာ | ေ◌-◌ာ | သည် | -◌ာ | တို့သည် |
| ၂။ | ဒုတိယာ- | အံ (-◌ံ) | ကို | ေ◌- | တို့ကို |
| ၃။ | တတိယာ- | ေ◌-န | ဖြင့် | ဟိ,ဘိ (ေ◌-ဟိ,ေ◌-ဘိ) | တို့ဖြင့် |
| ၄။ | စတုတ္ထီ- | ဿ | အား | နံ (-◌ာနံ) | တို့အား |
| ၅။ | ပဉ္စမီ- | သ္မာ, မှာ, -◌ာ | မှ | ဟိ,ဘိ (ေ◌-ဟိ,ေ◌-ဘိ) | တို့မှ |
| ၆။ | ဆဋ္ဌီ | ဿ | ၏ | နံ(-◌ာနံ) | တို့၏ |
| ၇။ | သတ္တမီ | သ္မိံ,မှိ, ေ◌- | ၌ | သု | တို့၌ |

Slide

# ပုလ္လိင် (ပုရိသာဒိဂိုဏ်း)

## ပုရိသ = ယောကျ်ား

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
| --- | --- | --- |
| ပ | ပုရိသော | ပုရိသာ |
| အာ | ဘော ပုရိသ, ပုရိသာ | ဘောန္တော ပုရိသာ |
| ဒု | ပုရိသံ | ပုရိသေ |
| တ | ပုရိသေန | ပုရိသေဟိ, ပုရိသေဘိ |
| စ | ပုရိသဿ | ပုရိသာနံ |
| ပ္ါ | ပုရိသသ္မာ, ပုရိသမှာ, ပုရိသာ | ပုရိသေဟိ, ပုရိသေဘိ |
| ဆ | ပုရိသဿ | ပုရိသာနံ |
| သ | ပုရိသသ္မိံ, ပုရိသမှိ, ပုရိသေ | ပုရိသေသု။ |

၁။ သည် - ကား - က ပဌမာ ဝုတ္တာ,

ကို - သို့ စ ဒုတိယော မတာ၊

သည် - ဖြင့် - နှင့် - ကြောင့် စ တတိယာ,

အား - ငှာ စ စတုတ္ထီ မတာ။

၂။ မှ - ကြောင့် - အောက် - ထက် ပဥ္စမီ စေဝ,

၏ - တွင် - သည် - ကို ဆဋ္ဌီ မတာ၊

သတ္တမီမှာ ၌ - တွင် - ကြောင့် စ,

ခေါ် - ထူးသမျှ အာလပနာ။

# နာမ်ဝိဘတ် လေ့ကျင့်ခန်း

ဗုဒ္ဓ (ဘုရား), ဓမ္မ (တရား), သံဃ (သံဃာ), ဒေဝ (နတ်), မနုဿ (လူ) ပုဒ်များကို ပုရိသာဒိဂိုဏ်းစဉ် ကြည့်၍ လေ့ကျင့်ပေးရပါမည်။ အတော်ကျေညက်သောအခါ (ဖြစ်နိုင်သမျှ စာအုပ်ကိုမကြည့်ဘဲ) အောက်ပါပုဒ်များကို လေ့ကျင့်ကြည့်ခဲ့ပါ။

၁။ သုခ (ချမ်းသာ)၊ ၂။ ကုသလ (ကုသိုလ်)၊ ၃။ ပစ္စယ (အကြောင်း)၊
၄။ မဂ္ဂ (လမ်း၊ အရိယာမဂ်)၊ ၅။ ရာဂ (တပ်မက်ခြင်း)

လေ့ကျင့်ခန်းများကို ဗုဒ္ဓဟူးနေ့ နောက်ဆုံးထား၍ email မှတဆင့် ပို့ပေးစေလိုပါတယ်။

paligrammar.yam@gmail.com